ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ( ၄ ) အမှတ် ( ၁၅ ) ၂၀၂၆ ခုနှစ် မေလ ၂၂ ရက်

## မာတိကာစဉ်

| | | |
|---|---|---|
| ၁။ | မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေအကြောင်း သိကောင်းစရာ | ၂ - ၄ |
| ၂။ | တရားခွင်အကြိုတွေ့ဆုံမေးမြန်းခြင်းနှင့် ရွေ့ပြေးဥပဒေရုံးများ၏ အခန်းကဏ္ဍ | ၅ - ၈ |
| ၃။ | ဩစတြေးလျနိုင်ငံ၏လူငယ်တရားစီရင်ရေးစနစ်တွင် ဌာနေတိုင်းရင်းသား ကလေးများအပေါ် စနစ်တကျခွဲခြားဆက်ဆံမှုကို ကုလသမဂ္ဂကော်မတီက သတိပေး | ၉ -၁၁ |
| ၄။ | အိန္ဒိယတရားရုံးချုပ်သည် အိမ်ထောင်ရှိအမျိုးသမီးတစ်ဦး၏ အလုပ် အကိုင် ရွေးချယ်မှုနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ရည်မှန်းချက် များကို “အိမ်ထောင်ရေးဆိုင်ရာရက်စက်မှု”အဖြစ် သတ်မှတ်ခဲ့သော မိသားစုတရားရုံးများ၏အမိန့်ကို ပယ်ဖျက် | ၁၂-၁၄ |

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ( ၄ ) အမှတ် ( ၁၅)    ၂၀၂၆ ခုနှစ် မေလ ၂၂ ရက်

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေအကြောင်းသိကောင်းစရာ

ကမ္ဘာ့နိုင်ငံအသီးသီးတွင် မှီတင်းနေထိုင်နေကြသော လူသားများနှင့်ပတ်သက်၍ လူသား၏ အခွင့်အရေး၊ လူ့အခွင့်အရေးရရှိမှသာ ဂုဏ်သိက္ခာရှိရှိ၊ လွတ်လပ်စွာနှင့် တရားမျှတစွာ အသက် ရှင်သန်နိုင်မည် ဖြစ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရအဖွဲ့၏ ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၃၄/၂၀၁၁)ဖြင့် စတင်ဖွဲ့စည်းခဲ့ပါသည်။ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် လူ့အခွင့်အရေး၊ နိုင်ငံသားအခွင့် အရေးနှင့်ပတ်သက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်း ပြဋ္ဌာန်းထားပါသည်။ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ၂၀၁၄ခုနှစ်၊ မတ်လ ၁၄ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၁ ဖြင့် "မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥပဒေ"အား ပြဋ္ဌာန်းခဲ့ပါသည်။ယင်းဥပဒေတွင် အခန်း ၉ ခန်း၊ ပုဒ်မပေါင်း ၇၀ ပြဋ္ဌာန်းထားပါသည်။ လူ့အခွင့်အရေးဆိုင်ရာဖောက်ဖျက်ကြောင်း တိုင်တန်းချက် သို့မဟုတ် စွပ်စွဲချက်ကို စုံစမ်းစစ်ဆေး ခြင်းအား ယင်းဥပဒေ၏ အခန်း ၆ တွင် ပြဋ္ဌာန်းထားပြီး ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်စွဲပါ ပြည်ထောင်စုအစိုးရအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ် ၁၀/၂၀၁၂ တွင် တိုင်ကြားချက်ကို လက်ခံခြင်း နှင့် စုံစမ်းစစ်ဆေးခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများအား ပြဋ္ဌာန်းခဲ့ပါသည်။

မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်သည် နိုင်ငံသားတစ်ဦးချင်းစီ၏လူ့အခွင့်အရေး ချိုးဖောက် ခံရမှုတိုင်ကြားစာများကို လက်ခံစစ်ဆေးခြင်း၊ အကျဉ်းထောင်၊ အကျဉ်းစခန်း၊ အချုပ်ခန်းနှင့် ထိန်းသိမ်း စောင့်ရှောက်ရေးစခန်းများတွင် အကျဉ်းကျနေသူများ၊ အချုပ်အနှောင်ခံနေရသူများ သို့မဟုတ် ထိန်းသိမ်း စောင့်ရှောက်ထားခြင်းခံရသူများကို လူ့အခွင့်အရေးနှင့်သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာနှင့် ပြည်တွင်း ဥပဒေများနှင့်အညီ လူသားချင်းစာနာထောက်ထားမှုဖြင့် စောင့်ရှောက်ထားခြင်း ရှိ မရှိ စိစစ်နိုင်ရန် အဆိုပါနေရာများသို့ ဝင်ရောက်ကြည့်ရှုစစ်ဆေးခွင့်ရှိကြောင်း၊လူ့အခွင့်အရေး ပိုမိုထွန်းကားလာစေရန် သက်ဆိုင်ရာအစိုးရဌာန၊အဖွဲ့အစည်းများက အရေးယူဆောင်ရွက်သင့်သည်များကို အကြံပြုတိုက်တွန်း

ခွင့်နှင့် အဆိုပါအကြံပြုတိုက်တွန်းချက်များအပေါ် အရေးယူဆောင်ရွက်ချက်များကို မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သို့ပြန်ကြားရန် တိုက်တွန်းခွင့်တို့အား မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေတွင် ပြဋ္ဌာန်းထားကြောင်း တွေ့ရှိရပါသည်။

ကော်မရှင်သည် စုံစမ်းစစ်ဆေးမှုတစ်ရပ်ပြုလုပ်ရာတွင် သဘာဝတရားမျှတမှု သဘောတရားနှင့်အညီ လိုက်နာဆောင်ရွက်ရမည့်အပြင် တရားမကျင့်ထုံးဥပဒေ၊ ရာဇဝတ်ကျင့်ထုံးဥပဒေနှင့် သက်သေခံအက်ဥပဒေတို့ပါ သက်ဆိုင်သည့် ပြဋ္ဌာန်းချက်များကို ကျင့်သုံးဆောင်ရွက်နိုင်ကြောင်း တွေ့ရှိရပြီး တိုင်တန်းသူ/သက်သေများအား အကာအကွယ်ပေးထားကြောင်း တွေ့ရှိရပါသည်။ တရားရုံးတစ်ခုခု၏ ရှေ့မှောက်၌ စစ်ဆေးကြားနာဆဲအမှုများနှင့် တရားရုံးတစ်ခုခု၏ စီရင်ဆုံးဖြတ်ချက်အပေါ် အယူခံမှု သို့မဟုတ် ပြင်ဆင်မှုဝင်ရောက်ဆဲအမှုများ၊ တရားရုံးတစ်ခုခုက အပြီးသတ်စီရင်ဆုံးဖြတ်ပြီးသောအမှုများကို ကော်မရှင်က စုံစမ်းစစ်ဆေးခြင်းမပြုလုပ်ရကြောင်း တွေ့ရှိရပါသည်။

ယခုအခါ ကော်မရှင်ရုံးခွဲများကို ရန်ကုန်မြို့အပြင် ပုသိမ်၊ စစ်တွေ၊ မန္တလေး၊ နေပြည်တော်တို့၌ ဖွင့်လှစ်ထားပြီး တပ်မတော်၊ အုပ်ချုပ်ရေးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနအပါအဝင် နိုင်ငံ့ဝန်ထမ်းများ၏ သင်တန်းကျောင်းများ၌ လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးဟောပြောပို့ချခြင်းများဆောင်ရွက်လျက်ရှိပြီး လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

လူ့အခွင့်အရေးချိုးဖောက်ကျူးလွန်ခံရမှုများရှိခဲ့ပါက ကော်မရှင်ရုံးခွဲများသို့ စာတိုက်မှဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ၊ e-mailဖြင့်ဖြစ်စေ လိပ်မူတိုင်ကြားနိုင်ကြောင်း၊တိုင်ကြားရာတွင် တိုင်ကြားသူ၏အမည်၊ အမြဲတမ်းနေရပ်လိပ်စာနှင့် ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ (ဆက်သွယ်ရန်ဖုန်း၊ ဖက်စ်နှင့် e-mailတို့ရှိလျှင် ထည့်သွင်းဖော်ပြရန်)၊တိုင်ကြားသူသည် မည်ကဲ့သို့ လူ့အခွင့်အရေးဖောက်ဖျက်ခံရပြီး နစ်နာဆုံးရှုံးကြောင်း ပြည်စုံစွာဖော်ပြရန်၊လိုအပ်ပါက မှတ်တမ်းဓာတ်ပုံနှင့် အထောက်အထားမိတ္တူများ ပူးတွဲပေးပို့ရန်၊ တိုင်ကြားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ မဖြစ်မနေပူးတွဲပေးပို့ရန်

နှင့် တိုင်ကြားချက်ပါ အကြောင်းအရာများ မှန်ကန်ကြောင်း တိုင်ကြားသူမှ လက်မှတ်ရေးထိုးရန် လိုအပ်ကြောင်း နေ့စဉ်ထုတ်နိုင်ငံပိုင်သတင်းစာများမှ ပြည်သူသို့ အသိပေးဖော်ပြထုတ်ပြန်ခြင်းဖြင့် လူ့အခွင့်အရေး ချိုးဖောက်ကျူးလွန်ခံရမှုများကို ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ကုစားခွင့်ရရှိရေး၊ လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးတို့ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရပါကြောင်း လေ့လာတင်ပြအပ်ပါသည်။

အုပ်ချုပ်ရေးနှင့်လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှုဌာနခွဲ
ဝန်ကြီးရုံး
ဥပဒေရေးရာဝန်ကြီးဌာန

**ကိုးကားချက်**

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေ
တိုင်ကြားချက်ကို လက်ခံခြင်းနှင့်စုံစမ်းစစ်ဆေးခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများ
ပြည်ထောင်စုအစိုးရအဖွဲ့၏အမိန့်ကြော်ငြာစာအမှတ် ၁၀/၂၀၁၂
https://mnhrc.org.mm

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ( ၄ ) အမှတ် ( ၁၅) ၂၀၂၆ ခုနှစ် မေလ ၂၂ ရက်

## တရားခွင်အကြိုတွေ့ဆုံမေးမြန်းခြင်းနှင့် ရှေ့ပြေးဥပဒေရုံးများ၏အခန်းကဏ္ဍ

မြန်မာနိုင်ငံတရားစီရင်ရေးစနစ်၌ ဥပဒေအရာရှိများသည် ရာဇဝတ်မှုများတွင် ရာဇဝတ်ကျင့်ထုံးဥပဒေ၊ သက်သေခံအက်ဥပဒေ၊၂၀၁၀ ပြည့်နှစ် ပြည်ထောင်စုရှေ့နေချုပ်ဥပဒေ၊ ၂၀၁၆ ခုနှစ် ပြည်ထောင်စုရှေ့နေချုပ်နည်းဥပဒေများနှင့်အညီ နိုင်ငံတော်ဘက်မှ လိုက်ပါဆောင်ရွက်လျက်ရှိပါသည်။တရားဥပဒေစိုးမိုးရေးအတွက် အများပြည်သူကို ဥပဒေဖြင့် ကာကွယ်စောင့်ရှောက်ခြင်းမှာ ဥပဒေရေးရာဝန်ကြီးဌာနနှင့် ဥပဒေရုံးအဆင့်ဆင့်၏ မျှော်မှန်းချက်ဖြစ်ပြီး အဆိုပါတရားဥပဒေစိုးမိုးမှု တိုးတက်ကောင်းမွန်စေရန်အတွက် မဟာဗျူဟာစီမံကိန်းများချမှတ်၍ “ပြည်သူ့အတွက် တည်ဆောက်လျက် ဥပဒေယုံကြည်ချက်”ဟူသော ဆောင်ပုဒ်နှင့်အညီ ရှေ့ပြေးဥပဒေရုံးများတည်ထောင်ကာ တရားခွင်အကြိုတွေ့ဆုံမေးမြန်းခြင်းများ (Pre - Trial Interview, PTI) ပြုလုပ်ခဲ့ခြင်း ဖြစ်ပါသည်။

တရားဥပဒေစိုးမိုးမှုတိုးတက်ကောင်းမွန်စေရန် ဥပဒေရေးရာဝန်ကြီးဌာန(ယခင် ပြည်ထောင်စုရှေ့နေချုပ်ရုံး) မဟာဗျူဟာစီမံကိန်း(၂၀၁၅-၂၀၁၉)၊ (၂၀၂၀-၂၀၂၄)နှင့် (၂၀၂၅-၂၀၂၉)တို့အရ မဟာဗျူဟာတစ်ရပ်ဖြစ်သော အမှုတွဲစီမံခန့်ခွဲခြင်းကို ဆောင်ရွက်ရန် ရှေ့ပြေးဥပဒေရုံးများ(Pilot Law Offices)များကို တည်ထောင်ကာ တရားခွင်အကြိုတွေ့ဆုံမေးမြန်းခြင်း (Pre - Trial Interview, PTI)ကို စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။

ဥပဒေရေးရာဝန်ကြီးဌာန၏ မဟာဗျူဟာစီမံကိန်း(၂၀၂၅-၂၀၂၉)ပါ တရားစွဲနှင့်အမှုလိုက်လုပ်ငန်းများ ပိုမိုစနစ်တကျကောင်းမွန်စေရန် မဟာဗျူဟာရည်မှန်းချက် ၃၊ ၂။ အရ ရှေ့ပြေးဥပဒေရုံးများ တိုးချဲ့တည်ထောင်ပြီး နစ်နာသူနှင့် သက်သေများကို တရားခွင်အကြို တွေ့ဆုံမေးမြန်းခြင်းလုပ်ငန်းစဉ်များအား ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

ဥပဒေရေးရာဝန်ကြီးဌာန (ယခင်ပြည်ထောင်စုရှေ့နေချုပ်ရုံး)သည် တရားရုံးများ၊ အမှုသည်များ၊ ရှေ့နေရှေ့ရပ်များ၊ လူမှုအဖွဲ့အစည်းများနှင့် ပိုမိုကောင်းမွန်နီးကပ်သည့် ဆက်ဆံရေးကို အားပေးမြှင့်တင်ဆောင်ရွက်နိုင်ရန်နှင့် နိုင်ငံတကာတွင် လိုက်နာကျင့်သုံးလျက်ရှိသည့် စံချိန်စံညွှန်းများနှင့်အညီ တရားစွဲအမှုလိုက်လုပ်ငန်း ဆောင်ရွက်ချက်အသစ်များကို အကောင်အထည်ဖော်ရန်

ရွေ့ပြောင်းဥပဒေရုံးများ အစီအစဉ်ကို ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။ထို့ပြင် ရာဇဝတ်မှုများတွင် ပါဝင်သည့် နစ်နာသူနှင့် မျက်မြင်သက်သေများကို ကျယ်ကျယ်ပြန့်ပြန့် ချိတ်ဆက်နိုင်ရေးအပြင် ရဲအရာရှိများ၊ အကူအညီပေးနိုင်မည့်ပုဂ္ဂိုလ်၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ပိုမိုနီးကပ်သည့် ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် ရွေ့ပြောင်းဥပဒေရုံးများကို တည်ထောင်ခဲ့ခြင်းဖြစ်ပါသည်။

တရားရုံးစစ်ဆေးစီရင်မှုတွင် နစ်နာသူများ၊ မျက်မြင်သက်သေများအနေဖြင့် အမှန်တကယ်ဖြစ်ပျက်ခဲ့သည့် အမှုအကြောင်းခြင်းရာများကို မှတ်မိပြီး ရှင်းလင်းစွာတင်ပြနိုင်ရေးသည် အဓိကအရေးကြီးသည့် အချက်ဖြစ်သည့်အားလျော်စွာ ၎င်းတို့အနေဖြင့် တရားရုံးရှေ့တွင် သက်သေထွက်ဆိုချက်ပေးရန် ကြိုတင်ပြင်ဆင်မှုမရှိဘဲ အမှုဖြစ်စဉ်ကို ပြည့်စုံစွာတင်ပြနိုင်ရန် ခဲယဉ်းပေသည်။ အရေးပါသော အဓိကသက်သေများကို တရားရုံးရှေ့မှောက်တွင် မှန်ကန်ပြီး ကြောင်းကျိုးဆီလျော်စွာ ထွက်ဆိုချက်ပေးနိုင်ရေးအတွက်လည်းကောင်း၊ အဆိုပါသက်သေများအနေဖြင့် တရားရုံးရှေ့တွင် သက်သေထွက်ဆိုရာတွင် ထိတ်လန့်ကြောက်ရွံ့မှုမရှိဘဲ ယုံကြည်မှုရှိစွာဖြင့် ထွက်ဆိုချက်ပေးနိုင်ရန်နှင့် ကြိုတင်ပြင်ဆင်ပေးရန်တို့အတွက်လည်းကောင်း ရွေ့ပြောင်းဥပဒေရုံးများ ဖွဲ့စည်းပြီး တရားခွင်အကြိုတွေ့ဆုံမေးမြန်းခြင်းများ ပြုလုပ်၍ အများပြည်သူကို ထိထိရောက်ရောက် ကူညီပေးခဲ့ခြင်းဖြစ်ပါသည်။

ရွေ့ပြောင်းဥပဒေရုံးများအနေဖြင့် ရာဇဝတ်မှုများတွင် နစ်နာသူနှင့် မျက်မြင်သက်သေများကို တရားခွင်အကြိုတွေ့ဆုံမေးမြန်းခြင်းအတွက် ဥပဒေအရာရှိများ လိုက်နာရမည့် အခြေခံမူများနှင့် လမ်းညွှန်ချက်များကို ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ ၄-၂-၂၀၂၀ ရက်စွဲပါ စာအမှတ်၊ ၃(ညခ) ၁-၁/နပတ (၃၂၇)ဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်ဥပဒေချုပ်ရုံးအသီးသီးသို့ ဖြန့်ဝေထားပြီးဖြစ်ပါသည်။

တရားခွင်အကြိုတွေ့ဆုံမေးမြန်းခြင်း၏ ရည်ရွယ်ချက် (၄)ရပ် ရှိပါသည်။ ယင်းတို့မှာ -

(က)　နစ်နာသူ သို့မဟုတ် သက်သေ၏စိုးရိမ်ပူပန်မှုကို လျှော့ချရန်၊

(ခ)　တရားရုံးစစ်ဆေးစီရင်မှုအပေါ် ပြည်သူက ပိုမိုပြီးယုံကြည်ကိုးစားမှု ရှိစေရန်၊

(ဂ) ပြစ်မှုကျူးလွန်ခံရသူ သို့မဟုတ် နစ်နာသူအနေဖြင့် ၎င်း၏ဖြစ်ရပ်မှန်ကို တရားရုံးတွင် မှန်ကန်ပြည့်စုံစွာဖြင့် သက်သေထွက်ဆိုနိုင်ရေးအတွက် ကူညီပေးရန်

(ဃ) သက်သေများကို သင်ကြားပြသပေးခြင်း မပြုဘဲ အဖြစ်အပျက်ကို ပြန်လည်မှတ်မိပြီး အမှန်တရားကို ထွက်ဆိုနိုင်ရေးအတွက်ကိုသာ ကူညီပေးရန်တို့ ဖြစ်ပါသည်။

ရွှေ့ပြောင်းဥပဒေရုံးများကို ၂၀၁၆ ခုနှစ်တွင် စတင်ဖွဲ့စည်းဆောင်ရွက်ပေးခဲ့ပြီးနောက် ယနေ့အချိန်ထိ စုစုပေါင်းရွှေ့ပြောင်းဥပဒေရုံး (၂၈)ရုံးအထိ ဖွင့်လှစ်နိုင်ခဲ့ပြီး ယခုလက်ရှိတွင်လည်း ရွှေ့ပြောင်းဥပဒေရုံးအသစ်(၁၀)ရုံးကို ထပ်မံဖွင့်လှစ်နိုင်ရေးအတွက် ဥပဒေရေးရာဝန်ကြီးဌာနမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

ထိုသို့ ရွှေ့ပြောင်းဥပဒေရုံးများတွင် တရားခွင်အကြိုတွေ့ဆုံမေးမြန်းခြင်းကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အဓိကသက်သေဖြစ်သော နစ်နာသူနှင့် မျက်မြင်သက်သေတို့အား တရားခွင်အကြိုတွေ့ဆုံမေးမြန်းခြင်းပြုလုပ်ရန် တာဝန်ခံဥပဒေအရာရှိ၏ ညွှန်ကြားချက်ဖြင့် အဓိကသက်သေများကို ဆက်သွယ်ရန်နှင့်ပတ်သက်၍ ရွှေ့ပြောင်းဥပဒေရုံးများအနေဖြင့် နည်းလမ်းမျိုးစုံကို အသုံးပြုနိုင်မည်ဖြစ်ပါသည်။ဥပမာ အချို့ပေးရလျှင် ဥပဒေအရာရှိ၏တောင်းဆိုချက်ဖြင့် ရဲအရာရှိလည်း ဖြစ်နိုင်သည်။သက်ဆိုင်ရာဥပဒေရုံးမှ ဝန်ထမ်းတစ်ဦးဦး သို့မဟုတ် အမှုကို ကိုင်တွယ်နေသော ဥပဒေအရာရှိဖြစ်ကောင်းဖြစ်နိုင်သည်။လူမှုရေးဝန်ထမ်း တစ်ဦးဦးသော်လည်းကောင်း၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူးတစ်ဦးဦးသော်လည်းကောင်း သို့မဟုတ် ပူးပေါင်းပါဝင်သည့် လူထုအခြေပြုအဖွဲ့အစည်းတစ်ခုခုသော်လည်းကောင်း ဖြစ်နိုင်ကြောင်း၊ ထိုပုဂ္ဂိုလ်မှာ မည်သူဖြစ်နိုင်သည်ကို အမှုတစ်မှုချင်း၏ အခြေအနေအလိုက် ဆုံးဖြတ်ရမည်ဖြစ်သည်။ကလေးသက်သေ၏ မိဘ၊ လူမှုရေးဝန်ထမ်း၊ ရဲအရာရှိ နောက်ထပ် ဥပဒေအရာရှိ သို့မဟုတ် ရင်းနှီးသောသူငယ်ချင်း သို့မဟုတ် ဆွေမျိုးတစ်ဦးဦးလည်း ဖြစ်နိုင်ကြောင်းကို **"တရားခွင်အကြိုတွေ့ဆုံမေးမြန်းမှု အကောင်အထည်ဖော်ဆောင်ခြင်းလက်စွဲအတွက် မူဘောင်အကောင်အထည်ဖော်ရေးနှင့် လုပ်ငန်းစီမံလည်ပတ်ရေးအတွက်လမ်းညွှန်(မူကြမ်း)"** တွင် ရေးသားဖော်ပြထားသည်ကို လေ့လာသိရှိရပါသည်။

အချုပ်အားဖြင့်ဆိုသော် ရွေ့ပြောင်းဥပဒေရုံးများတွင် တရားခွင်အကြိုတွေ့ဆုံမေးမြန်းခြင်းဆိုင်ရာ ကိစ္စရပ်သည် ဥပဒေရေးရာဝန်ကြီးဌာနအနေဖြင့် နိုင်ငံတစ်ဝန်းရှိ ဥပဒေရုံးများအားလုံး၌ တိုးချဲ့ဖွင့်လှစ်ဆောင်ရွက်နိုင်ရန် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး တရားဥပဒေစိုးမိုးရေးတွင် နစ်နာသူနှင့် သက်သေများက တရားရုံးစစ်ဆေးမှုတွင် အမှန်အတိုင်းထွက်ဆို အစစ်ခံနိုင်ရန်အတွက် ရွေ့ပြောင်းဥပဒေရုံးများက ဦးတည်ဆောင်ရွက်ပေးနေခြင်းဖြစ်ပါသည်။ထိုသို့ ကောင်းမွန်သည့် အလေ့အကျင့်ကောင်းတစ်ခုကို ဥပဒေရေးရာဝန်ကြီးဌာနရှိ အကြီးအကဲများ၏ လမ်းညွှန်ကြီးကြပ်မှုများဖြင့် တရားမျှတစွာ လုပ်ဆောင်ကြခြင်းအားဖြင့် ဥပဒေအရာရှိကျင့်ဝတ်ကို လေးစားလိုက်နာ၍ လက်တွေ့ဆောင်ရွက်ရာရောက်သည့်အပြင် ဥပဒေရေးရာဝန်ကြီးဌာနမှ ရည်ရွယ်ဆောင်ရွက်နေသည့် **"ပြည်သူ့အတွက် တည်ဆောက်လျက် ဥပဒေယုံကြည်ချက်"**ဟူသော ဆောင်ပုဒ်ကိုလည်း လေးစားလိုက်နာရာရောက်ပါကြောင်း တင်ပြအပ်ပါသည်။

ပြည်ထောင်စုအဆင့်အဖွဲ့အစည်းနှင့် အစိုးရဌာန၊
အစိုးရအဖွဲ့အစည်းများအတွက် အမှုလိုက်ဌာနခွဲ
တရားစွဲနှင့်အမှုလိုက်ဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

သတင်းအရင်းအမြစ် :

https://www.moi.gov.mm

https://www.mola.gov.mm

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ( ၄ ) အမှတ် ( ၁၅)　　　　၂၀၂၆ ခုနှစ် မေလ ၂၂ ရက်

## ဩစတြေးလျနိုင်ငံ၏ လူငယ်တရားစီရင်ရေးစနစ်တွင် ဌာနေတိုင်းရင်းသား ကလေးများအပေါ် စနစ်တကျခွဲခြားဆက်ဆံမှုကို ကုလသမဂ္ဂကော်မတီက သတိပေး

ဩစတြေးလျနိုင်ငံရှိ ဌာနေတိုင်းရင်းသားများနှင့် တောရက်စ်ရေလက်ကြား ကျွန်းသား ကလေးငယ်များသည် နိုင်ငံ၏ ရာဇဝတ်တရားစီရင်ရေးစနစ်အတွင်း စနစ်တကျ လူမျိုးရေးခွဲခြား ဆက်ဆံမှုတွေကို ဆက်လက်ရင်ဆိုင်နေရဆဲဖြစ်ကြောင်း လူမျိုးရေးခွဲခြားမှု ပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကော်မတီ(CERD)က ၂၈-၄-၂၀၂၆ရက်နေ့က ထုတ်ပြန်သည့်ကြေညာချက်တွင် သတိပေး ခဲ့ပါသည်။တရားစီရင်ရေးစီမံခန့်ခွဲမှုအတွင်း ခွဲခြားဆက်ဆံမှုအပါအဝင် ဌာနေတိုင်းရင်းသား ကလေး များအပေါ် လူမျိုးရေးခွဲခြားဆက်ဆံမှုကို ပပျောက်အောင် ကြိုးပမ်းအားထုတ်မှုများကို ပိုမိုတိုးမြှင့် လုပ်ဆောင်ရန် ကော်မတီက တိုက်တွန်းခဲ့ပါသည်။

လူငယ်ထိန်းသိမ်းရေးစခန်းများတွင် အလွန်အကျွံဆောင်ရွက်မှုများအပေါ် ကော်မတီက စိုးရိမ်မှုများရှိခဲ့ပြီး ၂၀၂၃-၂၀၂၄ ခုနှစ်တွင် ဩစတြေးလျနိုင်ငံ၏ အသက် ၁၀ နှစ်မှ ၁၇ နှစ်ကြား ကလေးများ၏ ၆.၅ ရာခိုင်နှုန်းသာ ထိန်းသိမ်းခံရသော်လည်း ထိန်းသိမ်းခံထားရသည့် ကလေးများ ၏ ၆၅ ရာခိုင်နှုန်းခန့်မှာ ဌာနေတိုင်းရင်းသား ကလေးများဖြစ်ကြောင်း တွေ့ရှိခဲ့သည်။CERD က ယင်း ကွာဟချက်သည် ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အိမ်ရာနှင့် လူမှုဖူလုံရေးတို့တွင် ခွဲခြား ဆက်ဆံမှုအပါအဝင် ဌာနေတိုင်းရင်းသားကလေးများနှင့် ၎င်းတို့အသိုင်းအဝိုင်းတွင် ရင်ဆိုင်နေရ သည့် ပိုမိုကျယ်ပြန့်သော ဖွဲ့စည်းပုံဆိုင်ရာ မညီမျှမှုများကို ထင်ဟပ်စေသည်ဟု ပြောကြားခဲ့သည်။ လူမျိုးရေးခွဲခြားမှု၊ အလွန်အကျွံ ရဲလုပ်ငန်းဆောင်ရွက်ခြင်းနှင့် ဥပဒေစိုးမိုးရေးဆောင်ရွက်ချက်များ သည် ဌာနေတိုင်းရင်းသားကလေးများ ဖမ်းဆီးခံရခြင်း၊ တရားစွဲဆိုခံရခြင်းနှင့် ထိန်းသိမ်းခံရခြင်း တို့၏ ဖြစ်နိုင်ခြေကို ဆက်လက်မြင့်တက်စေကြောင်း ထောက်ပြခဲ့သည်။

ကော်မတီသည် တရားစီရင်ပိုင်ခွင့်များတွင် နိုင်ငံတကာလူ့အခွင့်အရေးစံနှုန်းများထက် နိမ့်ကျ နေဆဲဖြစ်သည့် ရာဇဝတ်မှုဆိုင်ရာ တာဝန်ရှိမှု၏ အနိမ့်ဆုံးအသက်အရွယ် ကန့်သတ်ချက်ကိုလည်း

ဝေဖန်ထောက်ပြခဲ့ပြီး အချို့သော ဥပဒေကန့်သတ်ချက်များသည် ကလေးများအား အချို့ကိစ္စများတွင် ထောင်ဒဏ်တစ်သက်အပါအဝင် ပြင်းထန်သော အရွယ်ရောက်သူများကို ချမှတ်သည့်ပြစ်ဒဏ်များ ချမှတ်ခွင့်ပြုထားသည့်အပေါ် စိုးရိမ်ပူပန်မှုကို ဖော်ပြခဲ့သည်။

ဌာနေတိုင်းရင်းသားများနှင့် တောရက်စ်ရေလက်ကြား ကျွန်းသားကလေးများနှင့် လူငယ်များအတွက် အမျိုးသားကော်မရှင်ဖွဲ့စည်းခြင်း၊ the National Justice Reinvestment Program နှင့် ဌာနေတိုင်းရင်းသားများ ဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာအပါအဝင် ဩစတြေးလျနိုင်ငံ၏ ဆောင်ရွက်ချက်များကို အသိအမှတ်ပြုသော်လည်း အဆိုပါအစီအမံများသည် အလွန်အကျွံဆောင်ရွက်မှုများကို ထိရောက်စွာ လျှော့ချနိုင်ခြင်း ရှိ မရှိနှင့်စပ်လျဉ်း၍ လုံလောက်သော အချက်အလက်များ မရှိခြင်းအပေါ် စိုးရိမ်နေဆဲဖြစ်ကြောင်း CERD က ပြောကြားခဲ့သည်။

ယင်းထုတ်ပြန်ချက်သည် ဩစတြေးလျနိုင်ငံ၏ လူငယ်တရားစီရင်ရေးစနစ်များကို နိုင်ငံတကာမှ ပိုမိုကျယ်ပြန့်စွာစစ်ဆေးခြင်းပုံစံ၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်။၂၀၂၄ ခုနှစ် ဇန်နဝါရီလတွင် ဌာနေတိုင်းရင်းသားများနှင့် တောရက်စ်ရေလက်ကြား ကျွန်းသားများကို ထောက်ခံသူများ၊ လူ့အခွင့်အရေးအဖွဲ့အစည်းများနှင့် အရပ်ဖက်လူ့အဖွဲ့အစည်းများသည် လူငယ်အကျဉ်းထောင်များရှိ ကလေးများအပေါ် မတော်မတရားဆက်ဆံမှုနှင့် ၂၀၁၇ ခုနှစ်တွင် ဩစတြေးလျက အတည်ပြုခဲ့သော ညှဉ်းပန်းနှိပ်စက်မှုတိုက်ဖျက်ရေး ကွန်ဗင်းရှင်းဆိုင်ရာ နောက်ဆက်တွဲသဘောတူညီချက် (OPCAT) အရ ကာကွယ်မှုများကို အကောင်အထည်ဖော်ရာတွင် နှောင့်နှေးကြန့်ကြာမှုများနှင့်စပ်လျဉ်း၍ ဗစ်တိုးရီးယားပြည်နယ်အစိုးရကို ဝေဖန်ခဲ့ကြသည်။

၂၀၂၅ ခုနှစ် မေလတွင် ကုလသမဂ္ဂ၏ ညှဉ်းပန်းနှိပ်စက်မှုဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ Alice Jill Edwardsနှင့် ဌာနေတိုင်းရင်းသားများ၏အခွင့်အရေးဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ Albert K. Barumeတို့သည်လည်း ကွင်းစလန်း ဥပဒေပြုအမတ်များအား the Making Queensland Safer (Adult Crime, Adult Time) Amendment Bill 2025ကို ငြင်းပယ်ရန် တိုက်တွန်းခဲ့ပါသည်။

ကလေးများအပေါ် အရွယ်ရောက်ပြီးသူများအား ချမှတ်သည့်ပြစ်ဒဏ်များ ချမှတ်နိုင်သည့် ပြစ်မှု အမျိုးအစားကို တိုးချဲ့ရန်ရည်ရွယ်သည့် အဆိုပါဥပဒေကြမ်းသည် ကလေးသူငယ်ဆိုင်ရာအခြေခံ အခွင့်အရေးများနှင့် မကိုက်ညီဘဲ ရာဇဝတ်မှုဆိုင်ရာတရားရေးစနစ်တွင် ပိုမိုများပြားစွာပါဝင်နေသည့် ဌာနေတိုင်းရင်းသား ကလေးများကို မမျှတစွာ ထိခိုက်စေလိမ့်မည်ဟု ကျွမ်းကျင်သူများက သတိပေး ခဲ့ကြပါသည်။

အပြည်ပြည်ဆိုင်ရာဥပဒေနှင့် အာဆီယံဥပဒေရေးရာဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက် -

https://www.jurist.org/news/2026/05/un-committee-warns-systemic-discrimination-against-indigenous-children-in-australia-youth-justice-system/

ဥပဒေရေးရာဝန်ကြီးဌာန
အပတ်စဉ်သတင်းလွှာ
အတွဲ( ၄ ) အမှတ် ( ၁၅)　　２၀၂၆ ခုနှစ် မေလ ၂၂ ရက်

# အိန္ဒိယတရားရုံးချုပ်သည် အိမ်ထောင်ရှိအမျိုးသမီးတစ်ဦး၏ အလုပ်အကိုင်ရွေးချယ်မှုနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ရည်မှန်းချက်များကို “အိမ်ထောင်ရေးဆိုင်ရာ ရက်စက်မှု”အဖြစ် သတ်မှတ်ခဲ့သော မိသားစုတရားရုံးများ၏ အမိန့်ကိုပယ်ဖျက်

၂၀၂၆ခုနှစ် မေလ ၁၃ ရက်တွင် အိန္ဒိယတရားရုံးချုပ်သည် ခင်ပွန်းနှင့်ခွဲခွာနေစဉ် သွားဘက်ဆိုင်ရာဆေးခန်းကို ဆက်လက်လုပ်ကိုင်ခဲ့သည့် အမျိုးသမီးတစ်ဦးကို အိန္ဒိယကွာရှင်းမှုဥပဒေအရ “ရက်စက်မှု”နှင့် “စွန့်ပစ်မှု” ကျူးလွန်ခဲ့သည်ဟု ဆုံးဖြတ်ထားသည့် မိသားစုတရားရုံးများ (အောက်တရားရုံးများ)၏ အမိန့်ကို ပယ်ချခဲ့ပါသည်။

၎င်းအမှုသည် ၂၀၀၉ ခုနှစ်တွင် ထိမ်းမြားခဲ့သည့် သွားဘက်ဆိုင်ရာဆရာဝန်အမျိုးသမီးတစ်ဦးနှင့် စစ်တပ်အရာရှိတစ်ဦးသည် ၂၀၁၂ ခုနှစ်တွင် သမီးတစ်ဦးမွေးဖွားပြီးနောက် ဇနီးသည်က သမီးဖြစ်သူ၏ ကျန်းမာရေးဆိုင်ရာလိုအပ်ချက်များအတွက် Ahmedabad မြို့တွင် ဆေးခန်းပြောင်းရွှေ့ဖွင့်လှစ်ခဲ့ရာ ခင်ပွန်းဖြစ်သူက ၎င်းအား စွန့်ပစ်ခဲ့ပြီး ရက်စက်စွာဆက်ဆံခဲ့သည်(Cruelty)ဟု စွပ်စွဲချက်ဖြင့် ဇနီးဖြစ်သူအား တရားရုံးတွင် ကွာလိုမှုလျှောက်ထားခဲ့ပါသည်။၂၀၂၂ ခုနှစ်တွင် မိသားစုတရားရုံး(family court)က ဇနီးဖြစ်သူသည် ခင်ပွန်းကို မတိုင်ပင်ဘဲ သွားဆေးခန်းဖွင့်ခဲ့ခြင်းကို “ရက်စက်မှု”ဟု သတ်မှတ်က၊ အလုပ်ကို အိမ်ထောင်ရေးထက် ဦးစားပေးခဲ့ကြောင်း ဆုံးဖြတ်ပြီး ကွာရှင်းခွင့်ပေးခဲ့သည်။Gujarat High Court သည် ၂၀၂၄ ခုနှစ် ဩဂုတ်လတွင် ယင်းအမိန့်ကို အတည်ပြုခဲ့သည်။ဇနီးဖြစ်သူသည် ကွာရှင်းမှုကို မကန့်ကွက်ဘဲ သူမအပေါ် အနုတ်လက္ခဏာဆောင်၍ စွပ်စွဲထားသော အထောက်အထားမှတ်တမ်းများကိုသာ ဖယ်ရှားပေးရန် တရားရုံးချုပ်သို့ လျှောက်ထားခဲ့သည်။

ဟိန္ဒူလက်ထပ်ထိမ်းမြားခြင်းဆိုင်ရာဥပဒေ Hindu Marriage Act, 1955 ၏ ပုဒ်မ ၁၃ အရ၊ အိမ်ထောင်ဖက်တစ်ဦးသည် ရက်စက်မှုနှင့်စွန့်ပစ်မှုအကြောင်းပြချက်များအပေါ် အခြေခံ၍ ကွာရှင်းခွင့်တောင်းဆိုနိုင်သည်။ဟိန္ဒူလက်ထပ်ထိမ်းမြားခြင်းဆိုင်ရာဥပဒေတွင် “ရက်စက်မှု”ဆိုသည်မှာ ကိုယ်ပိုင်းဆိုင်ရာ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ ထိခိုက်စေသော အပြုအမူများဖြစ်ပြီး၊ လျှောက်ထားသူအတွက်

၎င်း၏အိမ်ထောင်ဖက်နှင့် ဆက်လက်နေထိုင်ရန် မဖြစ်နိုင်လောက်အောင် ဆိုးရွားသော အခြေအနေကို ဆိုလိုသည်။"စွန့်ပစ်မှု"ဆိုသည်မှာ သင့်လျော်သောအကြောင်းပြချက်မရှိဘဲ အနည်းဆုံးနှစ်နှစ် ဆက်တိုက် ရည်ရွယ်ချက်ရှိရှိ စွန့်ခွာထားခြင်းကို ဆိုလိုသည်။

အိန္ဒိယတရားရုံးချုပ်သည် အောက်တရားရုံးများဖြစ်သည့် မိသားစုတရားရုံးများ၏ အမိန့်ကို ပယ်ချခဲ့ပါသည်။တရားရုံးချုပ်က ပညာတတ်ပြီး အသက်မွေးဝမ်းကျောင်းပြုရန် အရည်အချင်းရှိသော အမျိုးသမီးတစ်ဦးသည် အိမ်ထောင်ရေးတာဝန်များအတွက် မိမိကိုယ်ပိုင်ဘဝကို စွန့်လွှတ်ရန် မလိုအပ်ကြောင်း၊ အိမ်ထောင်ပြုခြင်းကြောင့် သူမ၏ကိုယ်ပိုင်ဘဝ ပျောက်ကွယ်မသွားကြောင်း၊ ခင်ပွန်း၏ စစ်မှုတာဝန်ကြောင့် Kargil သို့ ပြောင်းရွှေ့ရသဖြင့် အမျိုးသမီးတစ်ဦး၏ သွားဘက်ဆိုင်ရာအလုပ်ကို ရပ်တန့်စေခြင်းသည် အိန္ဒိယနိုင်ငံ၏ဥပဒေနှင့် ညီညွတ်ခြင်းမရှိကြောင်းသုံးသပ်၍ ဇနီးသည်၏ အသက်မွေးဝမ်းကျောင်းအလုပ်အား ကြိုးစားလုပ်ကိုင်မှုကို မိသားစုတရားရုံးက ၎င်း၏ခင်ပွန်းအပေါ် ရက်စက်မှုအဖြစ် သတ်မှတ်ခဲ့ခြင်းကို ပယ်ချခဲ့ပါသည်။

တရားရုံးချုပ်သည် ၂၀၁၈ ခုနှစ်ကတည်းက အမျိုးသမီးများ၏ပစ္စည်းပိုင်ဆိုင်ခွင့်၊ မယားစရိတ် ရလိုမှုနှင့် အိမ်တွင်းအကြမ်းဖက်မှုစသည့် အမှုများစွာကို ဆုံးဖြတ်ခဲ့ပါသည်။သို့သော်လည်း မိသားစု တရားရုံးများနှင့် အထက်လွှတ်တော်တရားရုံးများသည် လက်ထပ်ထိမ်းမြားခြင်းဆိုင်ရာ တရားစွဲဆို သည့်ဖြစ်စဉ်များကို လူမှုရေးဆိုင်ရာပြုပြင်ပြောင်းလဲမှုများနှင့် လိုက်လျောညီထွေ ဆောင်ရွက်နိုင်ခဲ့ ခြင်း မရှိကြောင်း၊ နှစ်စဉ်နှစ်တိုင်း အိန္ဒိယတရားရုံးများသည် လက်ထပ်ထိမ်းမြားခြင်းဆိုင်ရာ တရား စွဲဆိုမှု ၁၀၀၀၀ ကျော် ကိုင်တွယ်ဖြေရှင်းကြရပါကြောင်း၊ မိသားစုတရားရုံးများသည် အိမ်ထောင်ရှင် အမျိုးသမီးများ၏ အသက်မွေးဝမ်းကျောင်း အလုပ်အကိုင်လွတ်လပ်ခွင့်ကို သံသယဖြစ်ဖွယ်အဖြစ် သတ်မှတ်သည့် စံနှုန်းကို တရားဝင်ချမှတ်ထားခြင်းသည် ဥပဒေအရ အထောက်အထားမရှိကြောင်း ဤတရားရုံးချုပ်၏ဆုံးဖြတ်ချက်က ဖော်ပြနေပါသည်။

အိန္ဒိယနိုင်ငံရှိ သတင်းစာဆရာနှင့်ဝေဖန်သူများကလည်း ဥပဒေ၏တန်ဖိုးနှင့်ဥပဒေကို နေ့စဉ် ကျင့်သုံးမှုများအကြား ကွာဟချက်ရှိနေပါကြောင်း၊ အိန္ဒိယဖွဲ့စည်းပုံအခြေခံဥပဒေက ဂုဏ်သိက္ခာရှိမှု

နှင့် တန်းတူညီမျှမှုကို အာမခံချက်ပေးထားပါကြောင်း၊ ဟိန္ဒူလက်ထပ်ထိမ်းမြားခြင်းဆိုင်ရာဥပဒေက တရားမျှတသည့် ရလဒ်များရရှိရန်အတွက် လုံလောက်သည့် ဥပဒေမူဘောင်ကို ပံ့ပိုးပေးပါကြောင်း၊ အမှုများကို ကိုင်တွယ်သည့် ဥပဒေပညာရှင်အများစုသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်မညီညွတ်သည့် အပြင် ခေတ်နှင့်မလျော်ညီသည့် ယုံကြည်ချက်များကို ဆက်လက်ကိုင်စွဲနေသောကြောင့် ပြဿနာ ရှိနေပါကြောင်း ဝေဖန်ထောက်ပြထားကြပါသည်။

အမျိုးသမီးတစ်ဦး၏ အသက်မွေးဝမ်းကျောင်းဆိုင်ရာ လွပ်လပ်စွာ အလုပ်လုပ်ကိုင်ခွင့်ကို သံသယဖြစ်စရာအဖြစ် မြင်သော မိသားစုတရားရုံးများ၏ စံနှုန်းများကြောင့်၊ “ရက်စက်မှု” သို့မဟုတ် “စွန့်ပစ်မှု”ဟု စွပ်စွဲခံထားရသော အမျိုးသမီးများစွာသည် ဥပဒေရေးရာအကာအကွယ်မရကြောင်း၊ ဤအမှုဆုံးဖြတ်ချက်သည် ထိုကဲ့သို့သော အိန္ဒိယနိုင်ငံရှိ အိမ်ထောင်ရှိအမျိုးသမီးများအပေါ် “ရက်စက်မှု” သို့မဟုတ် “စွန့်ပစ်မှု”ဟု စွပ်စွဲခံနေရမှုများကို အိန္ဒိယတရားရုံးချုပ်၏ ယခုအမှုဆုံးဖြတ်ချက်က အကာအကွယ်ပေးလိုက်ခြင်းဖြစ်သောကြောင့် ဤစီရင်ထုံးသည် အမျိုးသမီးများ၏ အသက်မွေးဝမ်းကျောင်းဆိုင်ရာ အလုပ်အကိုင်လွတ်လပ်ခွင့်နှင့် ကိုယ်ပိုင်ရပ်တည်မှုကို ဥပဒေကြောင်းအရ ပိုမိုခိုင်မာ စေခဲ့သည့် မှတ်တိုင်တစ်ခုဖြစ်ပါကြောင်း တွေ့ရှိရပါသည်။

အပြည်ပြည်ဆိုင်ရာဥပဒေနှင့်အာဆီယံဥပဒေရေးရာဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

**sources :**

အိန္ဒိယနိုင်ငံ ဥပဒေကျောင်းသားများ၏ ကိုးကားအရင်းအမြစ်
https://www.jurist.org/news/2026/05/india/dispatch-supreme-court-rehukes-lower-courts-for-branding-a-womans-career-choices-as-cruelty

**ဥပဒေရေးရာဝန်ကြီးဌာန၊ အပတ်စဉ်သတင်းလွှာအား ဥပဒေရေးရာဝန်ကြီးဌာန website တွင် အောက်ပါအတိုင်း ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။**

